သတင်းမှန်ထုတ်ပြန်ခြင်း
=================

၁။ ထိုင်းနိုင်ငံ၊စမုစခွန်ရှိ ရဲမင်း(ခ) ရဲမင်းကြည်အား ထိုင်းနိုင်ငံဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးဌာနမှ Over Stay အမှုဖြင့် ထိန်းသိမ်းခဲ့ပြီးနောက်ပိုင်းတွင် Faceboook နှင့် Online Media များတွင် မြန်မာနိုင်ငံမှ ဖမ်းဝရမ်းအား အလုပ်သမားသံအရာရှိရုံးမှ တဆင့် ထိုင်းနိုင်ငံရှိသက်ဆိုင်ရာဌာနများ သို့ဆက်လက်ပေးပို့ခဲ့သောကြောင့် ဖမ်းဆီးခံရခြင်း(အလုပ်သမားသံအရာရှိမှ ဖမ်းဆီးစေခြင်း)ဟုဆိုကာ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်ခြင်းမရှိပဲ ထိုင်းနိုင်ငံ၏ တည်ဆဲဥပဒေများကို ကျော်လွန်လုပ်ဆောင်မှုများ ဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်ခြင်း၊ဥပဒေအားကျော်လွန်၍ လူစုလူဝေးဖြင့် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လာသည်ကို တွေ့ရှိရပါသည်။

၂။ ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံးနှင့် သံရုံးလက်အောက်ခံ အလုပ်သမားသံအရာရှိရုံးအနေဖြင့် မိမိတို့မြန်မာနိုင်ငံမှ ထွက်ပြေးလာသည့် ဖမ်းဝရမ်းရှိသူများ(ဝရမ်းပြေး)များကို သက်ဆိုင်ရာဌာနအသီးသီးမှ တရားဝင်နည်းလမ်းဖြင့် အကြောင်းကြားလာပါက ကာယကံရှင်များ၏ ဖမ်းဝရမ်းများကို သက်ဆိုင်ရာအာဏာပိုင်များသို့ သံမှူးအဆင့်ရှိသည့် သံအရာရှိတစ်ဦးဦးမှ ဆက်လက်ပေးပို့ရမည်မှာ တာဝန်ဖြစ်သော်လည်း၊ ၎င်းအချိန်ကာလအထိ ၄င်းဖမ်းဝရမ်းအား သက်ဆိုင်ရာဌာနများမှ ပေးပို့ထားခြင်းမှုမရှိသည့်အတွက် ၄င်းအပေါ်စာသည် အလုပ်သမားသံ အရာရှိရုံးမှ ထုတ်ပေးထားသော အပေါ်စာမဟုတ်ကြောင်းနှင့် ၄င်း ဝရမ်းပေးပို့သည့်စာကြောင့်ဖြစ်ပါက ၄င်းစာကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကနဦးရှင်းလင်းဆောင်ရွက်ခဲ့ပါသည်။

၃။ ၂၂-၁၀-၂၀၁၈ ရက်နေ့တွင် IDC သို့သွားရောက်၍ ထိန်းသိမ်းခံထားရမှုနှင့် ပတ်သက်ပြီး၊ မေးမြန်းခဲ့ရာ ထိုင်းလဝကဥပဒေပုဒ်မ(၁၂/၁၃) အရ အရေးယူဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ပုံမှန်အားဖြင့် ၃ ရက်အတွင်း နယ်စပ်သို့ပြန်လည်ပို့ဆောင်ကြောင်း၊ ယခုကာယကံရှင်တွင် နယ်မြေတရားရုံးများတွင် အမှုလက်ကျန်များ ရှိနေကြောင်း၊ ၄င်းတရားရုံးများမှ တရားသူကြီးများ၏ သဘောထားမှတ်ချက်ပေါ်တွင်မူတည်ကြောင်း ၊ လဝက အနေဖြင့် တရားသူကြီးများမှ Clear လုပ်ပေးပါက ၃ ရက်အတွင်း သံအရာရှိ ကိုယ်တိုင် မြန်မာနိုင်ငံသို့ပို့ရန် တာဝန်ယူပါက လာရောက်ခေါ်ဆောင်နိုင်ကြောင်းကို ပြန်လည်ပြောကြားခဲ့သဖြင့် ကာယကံရှင် ရဲမင်း၏ မွေးစားမိခင်ဟုဆိုသူ ဒေါ်မာလီနှင့် ရှေ့နေတစ်ဦး၊ နောက်ပါအမျိုးသမီးတဦးတို့အား ရဲမင်းအနေဖြင့် ရင်ဆိုင်နေသည့် အမှုများသည် ကြေအေးနိုင်သည့် အမှုများဖြစ်ပါက ကြေအေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးပါက အလုပ်သမားသံအရာရှိရုံးသို့ ချက်ခြင်း လာရောက်ရန်နှင့် IDC သို့ လိုက်ပါဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

၄။ ရဲမင်းကြည်အား ထိန်းသိမ်းခံခဲ့ရ ခြင်းနှင့်ပတ်သက်၍ တရားရုံးတွင် ဦးတိုက်လျှောက်ထားမည် ဖြစ်ကြောင်း သိရှိ၍ တရားရုံးနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း FIR အမှုတွဲတွင် ဖော်ပြပါစာကြောင့် ဖမ်းဆီးသည် မှန်ကန်ပါက ၄င်းစာအားညွှန်း၍ အလုပ်သမားသံအရာရှိရုံးမှထုတ်ပြန်ခြင်းမဟုတ်ကြောင်း(Unregistered) ဖြစ်ကြောင်းနှင့် လိုအပ်သလို ဆက်လက်အရေးယူဆောင်ရွက်ပေးနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြင့် ကာယကံရှင်၏ရှေ့နေအပါအဝင် မိသားစုဝင်များ နှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၅။ ၇-၁၁-၂၀၁၈ ရက်နေ့တွင် တရားရုံးမှ ရုံးထုတ်ခဲ့ပြီး ထိန်းသိမ်းရသည့်အကြောင်းအရင်းနှင့် ပတ်သက်၍ လဂကမှ ၎င်းတို့ဥပဒေနှင့်ဆောင်ရွက်ခဲ့ကြောင်း တရားရုံးမှ ဆုံးဖြတ်ခဲ့သဖြင့် ဆက်လက်ထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။တရားရုံးမှ ရုံးထုတ်ပြီး ထိန်းသိမ်းခံထားရသည့် အကြောင်းအရင်းနှင့် ပတ်သက်၍ Facebook ပေါ်တွင် သံအရာရှိဖမ်းခိုင်း၍ဖမ်းသည်ဟူ၍သာ စွပ်စွဲပြောဆိုခဲ့ပြီး၊ အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိပဲ၊ သံရုံး၊အလုပ်သမားသံအရာရှိရုံးတို့နှင့် အလုပ်သမားများအကြား၊ နှစ်နိုင်ငံအစိုးရအကြား၊ နိုင်ငံသားများနှင့် တာဝန်ရှိသူများအကြား အမုန်းတရားပွားများစေရန်၊ လူစုလူဝေးဖြစ်စေရန် သာ Social Media ကိုအသုံးချ၍ ဆောင်ရွက်ခဲ့ပြီး၊ ၎င်းနေ့တွင်ပင် တရားရုံးနှင့် အနီးပတ်ဝန်းကျင် တွင် လူစုလူဝေး ဖြစ်စေရန် ဆောင်ရွက်မှုများကြောင့် ထိုင်းနိုင်ငံ၊ သတင်းရဲတပ်ဖွဲ့ (Special Branch)မှ တိုင်ကြားအကြောင်းကြားလာသည့် အဆင့်အထိဖြစ်ခဲ့ရသည်။

၆။ ၁၀-၁၁-၂၀၁၈ ရက်နေ့တွင် ရဲမင်း၏အာဏာလွှဲအပ်ခြင်းခံရသူ ရွှေနေနိုင်ထနူ့ (ထိုင်းလူမျိုး) AACအဖွဲ့ ဥက္ကဌဆိုသူ ထိုင်းနိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်ထားသည့် ခိုင်ကြီး (မြန်မာစကား ကောင်းမွန်စွာပြောနိုင်သူ) နှင့် နောက်ပါအဖွဲ့မြန်မာနိုင်ငံသား (၃)ဦးတို့မှ တွေ့ဆုံခွင့်ရရှိရေးတင်ပြချက် အား သံအမတ်ကြီးထံတင်ပြပြီး၊ သံအမတ်ကြီးခွင့်ပြုချက်အရ MOEAF ရုံးတွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံမှ ဖမ်းဝရမ်းအား သံအရာရှိရုံးမှတဆင့် သက်ဆိုင်ရာသို့ ပေးပို့စာ မဟုတ်မှန်းကိုလည်း ကာယကံရှင်များမှ သိရှိပြီး ဖြစ်သည့် အပြင်၊ FIR အမှုတွဲအား ၁ ပတ်ခန့် စောင့်လျှင်ရမည်ဖြစ်ကြောင်းနှင့် ၎င်းစာသည်လည်း အမှုအတွက် အရေးမပါကြောင်း ရွှေနေမှ ပြောကြားခဲ့ရာ၊ မည်သို့ပင်ဆိုစေကာမူ ၎င်းစာသည် အမှုအတွက် အရေးမပါ သော်လည်း အမှုတွဲ ၏တစ်နေရာရာတွင်ရှိနေပါကလည်း ၎င်းစာကို ညွှန်း၍ Unregistered ပို့ပေးမည် ဖြစ်ကြောင်း အမှုတွဲတွင် ပါဝင်လာပါက လိုအပ်သည် များဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်းနှင် ဥပဒေအကြံပေး ဦးအောင်မျိုးသန့်မှလည်း ၎င်းစာအမှုတွဲတွင် ပါဝင်ပါက သံရုံးဘက်မှ ဆောင်ရွက်ပေးမည့် အပိုင်းနှင့် ထိုင်းနိုင်ငံဥပဒေအရ ဆက်လက်ဆောင်ရွက်ရန်တို့ကို ထိုင်းရွှေနေတို့နှင့် ပူးပေါင်းဆွေးနွေးနိုင်ခဲ့ပါ သည်။

၇။ ဖမ်းဆီးခံရသည့် အဓိကအကြောင်းအရင်းသည် မြန်မာနိုင်ငံမှ ဖမ်းဝရမ်းကို သံအရာရှိရုံးမှ ဆက်လက် ပေးပို့ထားမှု နှင့်ပတ်သက်သည့် အကြောင်းကြားစာ ကြောင့်ဟု အတည်ပြု ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် FIR အမှုတွဲအား ၁၀ လပိုင်း လကုန်သည်အထိ တင်ပြဆောင်ရွက်နိုင်ခြင်းမရှိပဲ၊ ပြဿနာအား ပြေလည်အောင် မဖြေရှင်းပဲ ပိုမိုရှုပ်ထွေးအောင်သာ လုပ်ဆောင်လာနေကြောင်း တွေ့ရှိရသဖြင့် ၇-၁၁-၂၀၁၈ ရက်နေ့တွင် သံအမတ်ကြီး၏လမ်းညွှန်မှုဖြင့် ရဲမင်း(ခ) ရဲမင်းကြည် နှင့်ပတ်သက်သည့် Online ပေါ်တွင် ပျံ့နှံ့နေသော စာသည် အလုပ်သမားသံအရာရှိရုံး၏ Unregisterted ဖြစ်ကြောင်း၊ ၎င်းစာ အမှန်တကယ်ရှိနေပါလျှင် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ညှိနိုင်း အကြောင်းကြားစာအား ၁၀-၁၁-၂၀၁၈ ရက်နေ့ရက်စွဲဖြင့် သက်ဆိုင်ရာ ဌာနများသို့ ဆက်လက် အကြောင်းကြား ပေးခဲ့ပြီး၊ ဦးအောင်မျိုးသန့် မှတဆင့် ကာယကံရှင်၏ရှေ့နေသို့ သက်ဆိုင်ရာအမှုတွဲတွင် အသုံးပြုနိုင်ရေး မိတ္တူလာရောက်ယူဆောင်နိုင်ကြောင်း အကြောင်းကြား ခဲ့ပါသည်။

၈။ ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် Raks Thai Foundation မှ ရှေ့နေနှင့် တာဝန်ရှိသူများ ရွှေတွံ့တေးဆရာ တော်တို့လာရောက်ဆွေးနွေးလိုကြောင်း ပြောကြားလာသဖြင့် MOEAF ရုံးခန်းတွင် တွေ့ဆုံခဲ့ပြီး၊ သံရုံးအနေဖြင့် နိုင်ငံသားတစ်ဦးအတွက် ဆောင်ရွက်ထားပေးမှုများအား ဆွေးနွေးခဲ့ပြီး၊ အလုပ်သမားသံအရာရှိရုံးမှ ထုတ်ပေး ထားသည် Unregistered စာအားလည်း အသုံးပြုလိုသည့် အချိန်တွင် ရုံးလုပ်ထုံးလုပ်နည်းအတိုင်း လာရောက် မိတ္တူပြုလုပ်နိုင်ပါကြောင်း ပြောကြားခဲ့ပါသည်။ Raks Thai Foundation မှ တာဝန်ရှိအမျိုးသမီးတစ်ဦး

(ထိုင်းလူမျိုး) မှ ဗီဇာရရှိနိုင်ရေး သံရုံးအနေဖြင့် ထောက်ခံစာထုတ်ပေးနိုင်ရန် မေးမြန်းခဲ့ရာ၊ မြန်မာသံရုံး အနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏ လုပ်ထုံးလုပ်နည်းအား ကျော်လွန်၍ ထိုင်းနိုင်ငံအတွင်း ဗီဇာတောင်းခံပေး၍ မရနိုင်ကြောင်း သံရုံးမိသားစုများနှင့် တာဝန်ကျ ဝန်ထမ်း များသည်ပင် ထိုင်းနိုင်ငံ လဝကဥပဒေအား လိုက်နာရပါကြောင်း ရှင်းပြခဲ့ပြီး၊ ၎င်းကိစ္စရပ်နှင့်ပတ်သက်ပြီး အလုပ်သမားသံအရာရှိအနေဖြင့် သိရှိမှုအား ဆွေးနွေးခြင်းသာဖြစ်ပြီး၊ အလုပ်သမားသံအရာရှိ၏ ဆုံးဖြတ်ပိုင်ခွင့် မဟုတ်သည့်အတွက် သက်ဆိုင်ရာဌာနသို့ ဆက်လက်တင်ပြပေးမည် ဖြစ်ကြောင်းဆွေးနွေးခဲ့ပါသည်။

၉။ ဂုဲမင်း(ခ)ရဲမင်းကြည် နှင့်ပတ်သက်သည့် အချက်အလက်များကို မြန်မာနိုင်ငံရှိသက်ဆိုင်ရာဝန်ကြီးဌာန များသို့ဆက်သွယ်မေးမြန်းခဲ့ရာ ရဲမင်း(ခ) ရဲမင်းကြည်၊ ကိုကိုနိုင် နှင့် လှခိုင် (ခ) ခိုင်ကြီး တို့သည် သဃ်န်းကျွန်း မြို့နယ် တရားရုံး၏ အမှုအမှတ် ၂၄၈/၂၀၁၇ ဖြင့် သုဝဏ္ဏမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဖမ်းဝရမ်းထုတ်ထားသူများ အဖြစ်လည်းကောင်း၊ ရဲမင်း(ခ) ရဲမင်းကြည်သည် မြဝတီ မြို့၊ ဒုတိယမြို့နယ်တရားသူကြီး စောလင်းထက်ဦး၏ အမိန့်ဖြင့် မြဝတီမြို့ နယ်တရားရုံး၏ အမှုအမှတ် ၁၈၆၉/၂၀၁၇ ဖြင့်လည်းကောင်း အမှုအား လာရောက် ရင်ဆိုင်ဖြေရှင်းမှု မရှိပဲရှောင်တိမ်းနေသည့်အတွက် သက်ဆိုင်ရာ တရားရုံးအသီးသီးမှ ဖမ်းဝရမ်းထုတ်ထားသူ များ ဖြစ်ကြောင်းသိရှိရသည်။

၁၀။ ထိုင်းနိုင်ငံဘက်ခြမ်းရှိ သတင်းအထူးတပ်ဖွဲ့(သံရုံးများအထူးတာဝန်) မှတဆင့် စုံစမ်းခဲ့ရာတွင် ထိုင်းနိုင်ငံ၊ ဖစ်ပူရီ တရားရုံးတွင် ထိုင်းနိုင်ငံအစိုးရရှေ့နေမှ ရဲမင်းကြည်ပါ(၃)ဦးအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ(၈၃)၊ (၉၁)၊ (၁၁၄)၊ (၁၄၈) နှင့် လည်းကောင်း၊ ထိုင်းလူမျိုးတစ်ဦး နှင့် မြန်မာနိုင်ငံသားတစ်ဦးမှ လှခိုင်အား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ(၂၉၅)(၈၃)(၉၁)၊ အလုပ်သမား ကာကွယ်စောင့် ရှောက်ရေးဥပဒေပုဒ်မ(၄)တို့ဖြင့်လည်းကောင်း၊ စမုစခွန်တရားရုံးတွင် အစိုးရရှေ့နေမှ ရဲမင်းကြည်ပါ(၃)ဦးအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ(၈၃)(၉၁)(၃၄၁)(၃၄၃) ၊ဖြင့်လည်းကောင်း စမုပကန်တရားရုံး တွင် အစိုးရရှေ့နေမှ ရဲမင်း အား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ(၃၂၈) ဖြင့် လည်းကောင်း တရားစွဲဆို ထားပြီး၊ တရားရုံးအာမခံဖြင့် အမှုများကိုဖြေရှင်းနေစဉ်အတွင်း ရုံးချိန်းလာရောက်ရန် ပျက်ကွက်ခြင်း၊ တရားရုံးခွင့် ပြုချက်မရရှိပဲ ဒေသကျော်ခရီးသွားလာခဲ့ခြင်း များကြောင့် ထိုင်းနိုင်ငံအစိုးရရှေ့နေမှ အာမခံအခွင့်အရေးချိုးဖောက်မှုဖြင့် ဆက်လက်တရားဆွဲဆိုထားကြောင်း လည်းသိရှိရပါသည်။

၁၁။ ၁-၁၂-၂၀၁၈ ရက်နေ့တွင် သတင်းရဲတပ်ဖွဲ့မှ တဆင့် IDC သို့ဆက်သွယ်မေးမြန်းခဲ့ရာတွင် ရဲမင်း(ခ) ရဲမင်းကြည်အား စမုပကန်တရားရုံးမှ အာမခံထားစဉ်အာမခံအခွင့်အရေးချိုးဖောက်မှုအတွက် တရားရုံးအုပ်ချုပ်မှု သို့လွဲပြောင်းပေးပါရန် တရားရုံးမှ စာဆင့်ခေါ်ဆောင်သည့်အတွက် လဝက မှ အဆင့်ဆင့်တင်ပြပြီး၊ ၃၀-၁၁-၂၀၁၈ ရက်နေ့တွင် IDC မှ စမုပကန်တရားရုံး သို့တရားရုံးနှင့်ပတ်သက်သည့် အမှုများရင်ဆိုင်နိုင်ရန်အတွက် လွဲပြောင်းပေးပို့ခဲ့ကြောင်း သိရှိရပါသည်။(အပိုဒ်(၉) ပါတင်ပြခဲ့သည့် စမုပကန်တရားရုံး၏ စာရွက်စာတမ်း အထောက်အထားများ ညှိနှိုင်းတောင်းခံထားဆဲ ဖြစ်ပြီး၊ ရရှိပါကထပ်မံတင်ပြပါမည်)

၁၂။ ဖော်ပြပါ ဖြစ်စဉ်များအား ပြန်လည်သုံးသပ်တင်ပြလိုသည်မှာ မြန်မာနိုင်ငံမှ ပေးပို့သောဖမ်းဝရမ်းအား ထပ်ဆင့်ပေးပို့၍ ဖမ်းဆီးခံရခြင်းမှန်ကန်ပါလျှင် မြန်မာနိုင်ငံတွင် ရှိနေသည့်အမှုများအား ပြန်လည် ရင်ဆိုင်နိုင်ရန် အတွက် မြန်မာနိုင်ငံသို့ပြန်လည်လွှဲပြောင်းပေးရမည် ဖြစ်ပြီး၊ ယခု လဝက မှ စတင်ထိန်းသိမ်းမှုသည် လဝက ဥပဒေပုဒ်မ (၁၂/၁၃) အရ Overstay ဖြစ်ခြင်းကြောင့် ပင်ဖြစ်ပြီး၊ (တရားရုံးမှလည်း အတည်ပြုပြီးဖြစ်သည်) လဝက အားသံရုံးမှ သွားရောက်စုံစမ်းစဉ်တွင် နှစ်နိုင်ငံချစ်ကြည်ရေးအရ နယ်စပ်သို့ ပြန်လည်လွှဲပြောင်းပေးမည် ဖြစ်သော်လည်း ထိုင်းနိုင်ငံအတွင်း အမှုလက်ကျန်များကိုရင်ဆိုင်ရန်အတွက်(မေလ ၂၀၁၈ တွင်ဖြစ်ပေါ်ခဲ့သော ဖော်ပြပါအမှုများ) ထိုင်းလဝက မှ ခေတ္တထိန်း သိမ်းထားခြင်း ဖြစ်ပြီး၊ ထိုင်းနိုင်ငံရှိသက်ဆိုင်ရာတရားရုံးများမှ

၄င်းတို့အမှုများနှင့်ပတ်သက်၍ ပြန်လည်စေလွှတ်ခွင့် ပြုရန် Recommend မပေးသဖြင့် ထိုင်းနိုင်ငံလဝက မှ တရားရုံးသို့လွှဲပြောင်းပေးခဲ့ပြီး၊ ထိုင်းနိုင်ငံအတွင်းရှိနေသော အမှုများကို ရင်ဆိုင်ဖြေရှင်းရန အတွက် ထိုင်းနိုင်ငံ၏ဥပဒေအတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း သိရှိရပါသည်။ ဖြစ်စဉ်ဖြစ်ပွားသည့် အချိန်အထိ သံရုံးအနေဖြင့်လည်း မြန်မာနိုင်ငံမှ ဖမ်းဝရမ်းများနှင့် ပတ်သက်သည့် အချက်အလက်များကို သက်ဆိုင်ရာ နိုင်ငံသို့သံရုံးစာဖြင့် ပေးထားခြင်းမရှိသည့်အတွက် ၄င်းစာအား မည်သည့် အထောက်အထားမျှ မတင်ပြနိုင် သော်လည်း Unregistered ပြုလုပ်ပေးထားပြီး၊ သက်ဆိုင်ရာဌာနသို့ အကြောင်းကြားထားပြီးဖြစ်သည်။ ၄င်းစာ အား လိုအပ်သည့် နေရာများတွင် အသုံးပြုရန်ရှိပါက မိတ္တူလာရောက်ယူဆောင်နိုင်ကြောင်း ကာယကံရှင်၏ ရှေ့နေသို့ အကြောင်းကြားထားပြီးဖြစ်ပါသည်။ ကာယကံရှင်များ၏ သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း၊ Facebook များတွင် ရေးသားခဲ့သည့် အထောက်အထားများအား (နောက်ဆက်တွဲ-က) ဖြင့်ကြည့်လျှင်လည်း ရဲမင်း(ခ) ရဲမင်းကြည်သည် လဝကမှထိန်းသိမ်းမခံရခင် အချိန်ကပင် ထိုင်းနိုင်ငံအတွင်း ဝင်ရောက်ခွင့်ဗီဇာမရှိကြောင်း ကာယကံရှင်များကိုယ်တိုင် သိရှိပြီးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထိုင်းနိုင်ငံသို့ ဝင်ရောက်ရန် ဗီဇာမရှိသူ တစ်ဦးအနေဖြင့် ထိုင်းနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး သက်ဆိုင်ရာ လဝကမှ ဥပဒေအတိုင်း ထိန်းသိမ်း ဆောင်ရွက် ခဲ့ခြင်းအပေါ်ကန့်ကွက်တင်ပြသဖြင့်၊ ထိန်းသိမ်းဆောင်ရွက်ခံရမှုအား ဥပဒေနှင့် ညီမညီကို လည်း ၇-၁၁-၂၀၁၈ ရက်နေ့တွင် ရှေ့နေနှင့်အတူ တရားရုံးတက်၍ ဖြေရှင်း ဆောင်ရွက်ပြီးဖြစ်သည်။

၁၃။ သို့ဖြစ်ပါသော်လည်း Facebook Media များနှင့်သတင်း မီဒီယာများတွင် မြန်မာသံရုံး၊ အလုပ်သမား သံအရာရှိရုံးတို့မှ မည်သို့မျှလာရောက်ဆောင်ရွက်ပေးခြင်းမရှိကြောင်း၊ ထိုင်းနိုင်ငံမှ မတရား ဖမ်းဆီးကြောင်း များကိုသာသတင်းလွှင့် တင်ဆောင်ရွက်ခြင်းဖြင့် သံရုံး၊ အလုပ်သမားသံအရာရှိရုံးနှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအကြား၊ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံအကြား အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်လျက် ရှိကြောင်း တွေ့ရှိရသည်။ သံရုံး၊အလုပ်သမားသံအရာရှိရုံးတို့အနေဖြင့် ၄င်းတို့သည် မြန်မာနိုင်ငံတရားရုံးများ မှ ဝရမ်းထုတ်ခံထားသည့် ပုဂ္ဂိုလ်များဖြစ်သော်လည်း မြန်မာနိုင်ငံသားတစ်ဦးဖြစ်နေသဖြင့် ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် ဖြစ်စဉ်ဖြစ်ပွားသည်မှ ယနေ့အထိ (၅) ကြိမ်တိတိ ဆွေးနွေးကူညီဆောင်ရွက်ပေးခဲ့ပြီး၊ ၂၂-၁၀-၂၀၁၈ ရက်နေ့တွင် အလုပ်သမားသံအရာရှိကိုယ်တိုင် IDC သို့ သွားရောက်စုံစမ်းခြင်း၊ ကောင်စစ် ဆိုင်ရာမေးမြန်းမှ တစ်ကြိမ်နှင့် ယခုကဲ့သို့ Online Media များမှ ထိုင်းနိုင်ငံမှ အကြောင်းမဲ့ ဖမ်းဆီးကြောင်း ဖော်ပြလာမှုများအတွက် သက်ဆိုင်ရာ သတင်းရဲတပ်ဖွဲ့နှင့် ချိတ်ဆက်၍ ဥပဒေကြောင်း အရဆောင်ရွက်ထားမှု အခြေအနေတို့ကို မိမိတို့၏ ဥပဒေအကြံပေးနှင့်အတူစဉ်ဆက်မပြတ်မေးမြန်း ဆောင်ရွက်လျက်ရှိပါသည်။

၁၄။ သို့ဖြစ်ပါ၍ မည်သူမဆိုနိုင်ငံတစ်နိုင်ငံ၏ ဥပဒေကိုလေးစားလိုက်နာရန်လိုအပ်ပြီး၊ မိမိတို့၏ ဖြစ်စဉ်များ ပြစ်မှုများကို မှန်သည်၊ မှားသည်အား သက်ဆိုင်ရာနိုင်ငံ၏ဥပဒေကြောင်းအရ ဖြေရှင်းရန် တာဝန်ရှိပြီး၊ နိုင်ငံတစ်နိုင်ငံ၏ တရားရုံးမှ ဥပဒေနှင့် ဆင့်ခေါ်သော တရားရုံးစာအား ဥပဒေနှင့်အညီသွားရောက်ဖြေရှင်းရန် တာဝန်ရှိသည်၊ ဥပဒေနှင့် အညီ ရင်ဆိုင်ဖြေရှင်းရန် ပျက်ကွက်သူ သည် ထိုအမှုကို ကျူးလွန်ရာရောက်သည် ဖြစ်သည့်အတွက် မိမိတို့၏ အမှုအခင်းများနှင့် ပတ်သက်၍ ဥပဒေဘောင် အတွင်းမှသာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူကြရမည်ဖြစ်သည်၊ သက်ဆိုင်ရာနိုင်ငံ၏ ဒေသန္တရ ဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာကြရန် တိုက်တွန်းလိုပါသည်။ အကယ်၍ အပိုဒ်(၃)ပါအတိုင်း ထိုင်းနိုင်ငံမှ စွဲဆိုထားသော အမှုကိစ္စများအတွက် သက်ဆိုင်ရာ တရားရုံးများမှ အမှုအခင်းများ ပြီးပြတ်ပါက မြန်မာနိုင်ငံသို့အမြန်ပြန်နိုင်ရေး ထိုင်းနိုင်ငံလဝကသို့ လိုအပ်သည်များ ဆက်လက် ညှိနှိုင်းဆောင်ရွက် ပေးမည်ဖြစ်ပါသည်။

၁၅။ မိမိတို့ရင်ဆိုင်ဖြေရှင်းရန်ရှိသည့် အမှုအခင်းများအား ထိန်ချန်ထားပြီး၊ သံရုံးမှ ဖမ်းခိုင်း ကြောင်း၊ (သံရုံးအနေဖြင့် မည်သူ့ကိုမျှဖမ်းခိုင်း၍ မရသကဲ့သို့၊ မည်သူ့ကိုမျှ လွှတ်ခိုင်း၍မရပါကြောင်း) ထိုင်းအစိုးရမှ

အလုပ်သမားအရေးဆောင်ရွက်သဖြင့် အကြောင်းပြချက်မရှိပဲ ထိန်းသိမ်းဖမ်းဆီးကြောင်း မမှန်သတင်း ထုတ်လွှင့်ခြင်းဖြင့် ပြဿနာသည် ပြေလည်သွားမည်မဟုတ်ပဲ၊ ကာယကံရှင်များကိုယ်တိုင် မိမိတို့ ရင်ဆိုင်ရန် ရှိသည့် မြန်မာဘက်၊ထိုင်းဘက် တရားရုံးအမှုများကို မိမိတို့ကိုယ်တိုင်သိရှိပြီး ဖြစ်သည့်အတွက် တရားဥပဒေနှင့် အညီ ရင်ဆိုင်ရန် လိုအပ်ပြီး၊ မမှန်သတင်းထုတ်လွှင့်မှုကြောင်း နှစ်နိုင်ငံချစ်ကြည်ရေးအား ထိခိုက်စေပါက တည်ဆဲဥပဒေများနှင့် အညီ နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၆။ သံရုံးတစ်ခုအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာအား ဝင်ရောက်စွက်ဖက်ခြင်း ပြုလုပ်မည် မဟုတ်ပဲ၊ ကာယကံရှင်မှ ရင်ဆိုင်ဖြေရှင်းရန်ရှိသည့် အမှုများအတွက် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအတိုင်းသာ ဆက်လက် ဖြေရှင်းဆောင်ရွက်ရန်ဖြစ်ပြီး၊ သံရုံးလုပ်ပိုင်ခွင့်တွင် အကျုံးဝင်သည့် မည်သည့် အကူအညီမျိုးကိုမဆို၊ မြန်မာနိုင်ငံသားတစ်ဦးအတွက် ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ မည်သည့် မြန်မာနိုင်ငံသား အတွက်မဆို သက်ဆိုင်ရာနိုင်ငံ ၏ ဥပဒေနှင့် အညီဆောင်ရွက်ခြင်း ရှိမရှိကို ကောင်စစ်ဆိုင်ရာတွေ့ဆုံမှုများဖြင့် ပုံမှန် ဆောင်ရွက်လျက်ရှိပါ ကြောင်း သတင်းမှန် ထုတ်ပြန်အပ်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ ဥပဒေပညာရှင်များ၏ ဆွေးနွေးချက်များအား အကြမ်းဖျင်းအားဖြင့် အောက်ပါအတိုင်း ဘာသာပြန် ဖော်ပြအပ်ပါသည်-

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၈၃) လူနှစ်ဦးထက်ပိုသော လူများက ရုန်းရင်းဆန်ခတ်ဖြစ်ပေါ်စေရန် လှုံ့ဆော်စည်းရုံး၍ မှခင်းဖြစ်ပွားစေခြင်း။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၉၁) ပြစ်မှုများကို ဆက်တိုက်ဖြစ်ပေါ်စေရန် အတွက် လှုံ့ဆော်ပြုမူခြင်း ဖြင့် ပြစ်ဒါဏ်ထိုက်သော ပြစ်မှုများကို ကျူးလွန်စေခြင်း။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၁၁၄) လက်နက်ဖြင့်ပြင်ဆင်၍ ဘေးအန္တရယ်ဖြစ်စေရန်စည်းရုံးပြီး၊ ပူးပေါင်ကာ တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးစေခြင်း၊ ထို့ပြင် အထက်ပါအချင်းအရာကို သိလျက်နှင့် ထိန်ချိန်ထားခြင်း၊

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၁၄၈) တာဝန်ဝတ္တရားထမ်းဆောင်သူကို တာဝန်ဝတ္တရားထမ်းဆောင်ခြင်းမပြုနိုင် အဓမ္မဆန့်ကျင်ပြုမူဆောင်ရွက်ခြင်း။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၂၉၅) တစ်ပါးသူကို ကိုယ်၊ စိတ် အန္တရယ်ဖြစ်စေအောင် ပြုမူဆောင်ရွက်ခြင်း။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၃၄၁) လိမ်လည်လှည့်ဖျား၍ မသိနားမလည်သူများကို ပစ္စည်းကိုသော်လည်းကောင်း၊ ခန္ဓာကိုယ် ကိုသော်လည်းကောင်း ထိခိုက်စေရန်အတွက် ပြုမူဆောင်ရွက် ခြင်း ဖြင့် ပြစ်မှုကျူးလွန်ခြင်း။
ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၃၄၃) အများပြည်သူများကို လိမ်လည်မှုပြုရာတွင် အမှန်ကို ဖုန်းကွယ်၍ ယုံကြည် လောက်အောင် စည်းရုံး ရာဇဝတ်မှုကို ကျူးလွန်ခြင်း။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၃၂၈) စာရွက်စာတမ်းအထောက်အထား ၊ ဓါတ်ပုံ၊ ရေးဆွဲခြင်း၊ ဗီဒီယို ၊များကို အသုံးချပြီး၊ တစ်ဘက်သူကို အကြည်ညိုပျက်အောင် ၊ မလိုမုန်းထားဖြစ်အောင် ပြုမူဆောင်ရွက်ခြင်း။

အလုပ်သမားကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ(၄) တည်ငြိမ်စွာ လုပ်ကိုင်စားသောက်မှုအား ပျက်ဆီးစေခြင်း။

အလုပ်သမားသံအရာရှိရုံး
ဘန်ကောက်မြို့၊ထိုင်းနိုင်ငံ